
## စစ်အာဏာသိမ်းပြီးနောက်ပိုင်း နေအိမ်၊ အဆောက်အအုံ ၂၀,၀၀၀ ကျော် မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရ

(၂၀၂၂ ခုနှစ်၊ မေ ၂၆ ရက်နေ့အထိဖြစ်သည်)





စစ်အာဏာသိမ်းပြီးနောက်ပိုင်း ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများကြောင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ရက်မှ ၂၀၂၂ ခုနှစ်၊ မေ ၂၆ ရက်အထိ နေအိမ်၊ အဆောက်အအုံ (ဘာသာရေးအဆောက်အအုံများအပါအဝင်) **၂၂,၂၉၉ လုံး**ထက်မနည်း မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရသည်။ ထိုနေအိမ်၊ အဆောက်အအုံများသည် တိုက်ပွဲများဖြစ်ပွားနေစဉ် မီးရှို့ခံရခြင်းနှင့် တိုက်ပွဲများအကြား လက်နက်ကျည်များ ကျရောက်ခြင်းများကြောင့် ပျက်စီး၊ ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။ ၂၀၂၂ ခုနှစ်၊ ဧပြီလနှင့် မေလတွင် နေအိမ်၊ အဆောက်အအုံ **၁၄,၅၉၄ လုံး** ထက်မနည်း မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရသည်။

ရည်ညွှန်း - ယခုဖော်ပြပါအချက်အလက်များသည် လွတ်လပ်သောသတင်းမီဒီယာများ၊ အရပ်ဘက်အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များအပေါ် အခြေပြု၍ ISP-Myanmar မှ လက်လှမ်း မီသမျှစုစည်းထားခြင်းဖြစ်သည်။ မြေပြင်တွင် ယခုထက်ပိုမို များပြားနိုင်ပါသည်။

## စစ်ကိုင်းတိုင်းတွင် နေအိမ်နှင့် အဆောက်အအုံ အများဆုံးမီးရှို့ဖျက်ဆီးခြင်းခံခဲ့ရ

(၂၀၂၂ ခုနှစ်၊ မေ ၂၆ ရက်နေ့အထိဖြစ်သည်)




၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ရက်မှ ၂၀၂၂ ခုနှစ်၊ မေ ၂၆ ရက်အတွင်း မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရသော နေအိမ်၊ အဆောက်အအုံ (ဘာသာရေးအဆောက်အအုံများအပါအဝင်) များအနက် စစ်ကိုင်းတိုင်းတွင် **၁၅,၅၃၀ လုံး** ထက်မနည်းရှိခဲ့ပြီး ထိုပမာဏသည် စုစုပေါင်း မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရသည့် နေအိမ်၊ အဆောက်အအုံအရေအတွက် စုစုပေါင်း၏ **၆၉ ဒသမ ၇ ရာခိုင်နှုန်း** ရှိသည်။ ထို့အပြင် မကွေးတိုင်းတွင် **၄,၈၂၂ လုံး** ထက်မနည်း မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရပြီး ရာခိုင်နှုန်းအားဖြင့် **၂၁ ဒသမ ၆ ရာခိုင်နှုန်း** ခန့်ရှိသည်။ မန္တလေးတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် နှင့် ကရင်ပြည်နယ်တို့တွင် **၁,၉၄၇ လုံး**ထက်မနည်း မီးရှို့ ဖျက်ဆီးခြင်းခံခဲ့ရပြီး **၈ ဒသမ ၇ ရာခိုင်နှုန်း** ခန့်ရှိခဲ့သည်။

ရည်ညွှန်း - ယခုဖော်ပြပါအချက်အလက်များသည် လွတ်လပ်သောသတင်းမီဒီယာများ၊ အရပ်ဘက်အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များအပေါ် အခြေပြု၍ ISP-Myanmar မှ လက်လှမ်းမီသမျှ စုစည်းထားခြင်းဖြစ်သည်။ မြေပြင်တွင် ယခုထက်ပိုမို များပြားနိုင်ပါသည်။

www.ISPMyanmar.com


# ISP DATA MATTERS

2 June 2022

**CONFLICT, PEACE AND SECURITY**

အလေးထားရမည့် ဒေတာအချက်အလက်များ **အမှတ်-၂၂**

## ■ စစ်ကိုင်းတိုင်းအတွင်းရှိ မြို့နယ် ၂၈ ခုတွင် နေအိမ်၊ အဆောက်အအုံများ မီးရှို့ဖျက်ဆီးခံခဲ့ရ



စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်တွင် နေအိမ်၊ အဆောက်အအုံ **၃,၃၇၂ လုံး**ထက်မနည်း မီးရှို့ဖျက်ဆီးခံခဲ့ရပြီး အများဆုံး ဖြစ်ခဲ့သည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ မတ် ၂၆ ရက်အတွင်း တနိုင်ငံလုံး၌ **၂၂,၂၉၉ လုံး** ထက်မနည်း မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရသော နေအိမ်၊ အဆောက်အအုံများ (ဘာသာရေးအဆောက်အအုံများ အပါအဝင်) ၏ မြို့နယ်တည်နေရာများကို ဖော်ပြထားခြင်းဖြစ်သည်။ အဆိုပါ တည်နေရာများအနက် စစ်ကိုင်းတိုင်းအတွင်း မြို့နယ် ၂၈ ခုမှ ကျေးရွာများရှိ နေအိမ်၊ အဆောက်အအုံ **၁၅,၅၃၀ လုံး**ကျော် မီးရှို့ဖျက်ဆီးခံခဲ့ရပြီး အများဆုံးဖြစ်ခဲ့သည်။

**မီးရှို့ဖျက်ဆီးခံရသော နေအိမ်၊ အဆောက်အအုံ အရေအတွက်**

- ၃,၀၀၀ လုံးနှင့်အထက်
- ၂,၀၀၀ လုံးနှင့်အထက်
- ၁,၅၀၀ လုံးနှင့်အထက်
- ၁,၀၀၀ လုံးနှင့်အထက်
- ၅၀၀ လုံးနှင့်အောက်

ရည်ညွှန်း - ယခုဖော်ပြပါအချက်အလက်များသည် လွတ်လပ်သောသတင်းမီဒီယာများ၊ အရပ်ဘက် အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များအပေါ် အခြေပြု၍ ISP-Myanmar မှ လက်လှမ်းမီသမျှ စုစည်းထားခြင်းဖြစ်သည်။ မြေပြင်တွင် ယခုထက်ပိုမို များပြားနိုင်ပါသည်။

## စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ်၌ ငါးရက်အတွင်း နေအိမ်၊ အဆောက်အအုံ ၃၉၀ ကျော်မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရ




၂၀၂၂ ခုနှစ်၊ မေ ၁၈ ရက်မှ ၂၅ ရက်အတွင်း စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ်အတွင်းရှိ ကျေးရွာ အနည်းဆုံး **၁၈ ရွာ**တွင် နေအိမ်၊ အဆောက်အအုံ **၃၉၃ လုံးထက်မနည်း** မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရသည်။ မီးရှို့ခံခဲ့ရသည့်ကျေးရွာများသည်ဒေသခံကာကွယ်ရေးတပ်ဖွဲ့များ (LDF/PDF/CDSOM စသည်ဖြင့်) လှုပ်ရှားကြသည့် အဓိကဒေသများဖြစ်သည်။ ထိုမီးရှို့ဖျက်ဆီးခြင်းခံခဲ့ရသည့် ကျေးရွာ **၁၈ ရွာ** အနက် မင်းတန်းကျေးရွာတွင် နေအိမ်၊ အဆောက်အအုံ **၁၀၀ ထက်မနည်း** မီးလောင်ပျက်စီးခဲ့ရပြီး ဘာသာရေးအဆောက်အအုံများလည်း ပျက်စီးဆုံးရှုံးခဲ့ရသည်။ မြောင်မြို့နယ်၊ ဒေသခံကာကွယ်ရေးတပ်ဖွဲ့ခေါင်းဆောင်ဖြစ်သူ၏ ဇာတိရွာဖြစ်သော မယ်မသော်ကျေးရွာသည် **ခုနစ်ကြိမ်ထက်မနည်း** မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရသည်။

ရည်ညွှန်း - ယခုဖော်ပြပါအချက်အလက်များသည် လွတ်လပ်သောသတင်းမီဒီယာများ၊ အရပ်ဘက်အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များအပေါ် အခြေပြု၍ ISP-Myanmar မှ လက်လှမ်း မီသမျှစုစည်းထားခြင်းဖြစ်သည်။ မြေပြင်တွင် ယခုထက်ပိုမို များပြားနိုင်ပါသည်။